# ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ် Relief Flight နှင့် ဝင်ရောက်လာမည့် မြန်မာနိုင်ငံသားများအတွက် အသွားအလာကန့်သတ်မှုနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ဆောင်ရွက်မည့်အစီအစဉ်

(၈-၁၀-၂၀၂၂)

၁။ ကျန်းမာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြု ကိုဗစ်-၁၉ ကာကွယ်ဆေး အကြိမ်ပြည့် မထိုးနှံထားသူများအနေဖြင့် မြန်မာနိုင်ငံသို့ ဆိုက်ရောက်သည့် အချိန်မတိုင်မီ အများဆုံး (၄၈) နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကင်းရှင်းကြောင်း RDT/ RT-PCR နည်းဖြင့် စစ်ဆေးထုတ်ပေးထားသည့် ဓာတ်ခွဲအဖြေ မတင်ပြနိုင်ပါက ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များဖြင့် လိုက်ပါနိုင်သည်။

၂။ ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ် (Relief Flight) များတွင် နိုင်ငံခြားသားခရီးသည်များအား လိုက်ပါခွင့်ပြုမည် မဟုတ်ပါ။

၃။ မြန်မာနိုင်ငံသို့ဝင်ရောက်သည့်လေဆိပ်နှင့် ဝင်/ထွက်ဂိတ်များတွင် ကျန်းမာရေးကြေညာချက် (Health Declaration card) အား သက်ဆိုင်ရာ ကျန်းမာရေးအရာရှိထံ ပြသရန်၊

၄။ သက်ဆိုင်ရာ ကျန်းမာရေးအရာရှိမှ ခရီးသည်များတွင် ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများအား လက်ခံဆောင်ရွက်ရန်၊

၅။ ကိုယ်အပူချိန် မြင့်တက်ခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများ တွေ့ရှိသည့် ခရီးသည်များအား သီးခြားထားရှိပြီး ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ဆေးရုံများသို့ လွှဲပြောင်း ပို့ဆောင်ရန်၊

၆။ မြန်မာနိုင်ငံသို့ ရောက်ရှိပါကအသွားအလာကန့်သတ်ခြင်း (၅) ရက်ဆောင်ရွက်မည် ဖြစ်ပြီး (၁) ရက်မြောက်နေ့တွင် RDT ဖြင့်လည်းကောင်း၊ (၃) ရက်မြောက်နေ့တွင် RT-PCR နည်းဖြင့်လည်းကောင်း ဓာတ်ခွဲစမ်းသပ်စစ်ဆေးမည် ဖြစ်ပါသည်။

၇။ ကိုဗစ်-၁၉ ရောဂါ တွေ့ရှိသည့် ခရီးသွားများအား ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ထားသော ရောဂါအတည်ပြုလူနာများထားရှိသည့် ဆေးရုံ/ကုသရေးစင်တာ/ ဟိုတယ်များသို့ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပို့ဆောင်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူရမည်ဖြစ်ပြီး ပုဂ္ဂလိကဆေးရုံ (သို့မဟုတ်) သတ်မှတ်ဟိုတယ်များတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူမည်ဆိုပါက ဆေးကုသမှုစရိတ်များနှင့် အခြားကုန်ကျစရိတ်များအား မိမိစရိတ်ဖြင့် ကျခံရမည် ဖြစ်ပါသည်။

1. Travelers who can't present the vaccination certificate and a negative COVID–19 RDT/ RT–PCR test result issued at most 48 hours before arrival may enter Myanmar only by relief flights.
2. Foreigners will not be allowed to take relief flight to Myanmar
3. Travelers must submit health declaration card to Health officials present at the airport upon arrival to Myanmar.
4. Thermal screening would be carried out in respect of all the passengers by the health officials present at the airport.
5. The travelers found to be symptomatic during screening shall be immediately isolated and taken to medical facility as per health protocol.
6. All travelers will be tested for COVID–19 by RDT on Day 1 and RT–PCR on Day 3 during their 5 days quarantine period.
7. Travelers who tested positive for COVID–19 shall be immediately isolated and taken to a medical facility/treatment center/hotel as per health protocol. Myanmar nationals shall bear the medical cost and other costs related to isolation and treatment in designated private hospital and hotel.